# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

**မကွေး မေ ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးလွှတ်တော် ဗိုလ်မင်းရောင်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုမဏ္ဍိုင်ခိုင်မာရေးနှင့် ဥပဒေအကာ အကွယ်အောက်တွင် ပြည်သူများအေးချမ်းစွာနေနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ပေးနေသော ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပါစေကြောင်း ဆုမွန် ကောင်းတောင်းအပ်ပါကြောင်း၊ ယခုအခါ ရွေးကောက်ပွဲမှတစ်ဆင့် လွှတ်တော်များ ပေါ်ပေါက်လာပြီး ဖြစ်သည့်အတွက် လွှတ်တော်၏ကဏ္ဍကို ပြည်သူများ ပိုမိုသိရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုပေါ်ပေါက်လာသည့် လွှတ်တော်များသည် မဲဆန္ဒရှင် ပြည်သူများက အခက်အခဲအကြပ်အတည်းကြားထဲက မိမိတို့ဆန္ဒအမှန်ကို ရဲရဲတင်းတင်း ဖော်ထုတ်သည့်အနေဖြင့် ကိုယ်တိုင်ဆန္ဒမဲပေးရွေးချယ်ခဲ့ခြင်းကြောင့် အထမြောက် အောင်မြင်စွာ ဖြစ်မြောက်ခဲ့သည့် ရွေးကောက်ပွဲ၏ ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ကိုမဲပေးခဲ့သည့် မဲဆန္ဒရှင်ပြည်သူများ၏ ယုံကြည်မှုနှင့် မျှော်လင့်ချက်များကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးကြ စေလိုကြောင်း၊ လွှတ်တော်၏အဓိကလုပ်ငန်းတာဝန်သည် ဥပဒေပြုရေးဖြစ်သည့်အတွက် နိုင်ငံတော်တိုးတက်ရေးနှင့် ပြည်သူများအကျိုးဖြစ်ထွန်းစေမည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများကို မိမိတို့လွှတ်တော်သက်တမ်းမှာ ပိုမိုပြီးပြည့်စုံအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ် သုံးသပ်ပြီးနေ့စဉ် ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံစိတ်ချစွာ နေနိုင်သည့်ဥပဒေအသစ်များကိုလည်း ပြဋ္ဌာန်းနိုင်ရေး သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ဆိုတာ အစိုးရနှင့်ပြည်သူလူထုအကြား ပေါင်းကူးဆောင်ရွက်ပေးရသည့် ကြားခံအဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်လုံခြုံရေး၊ ပြည်သူလူထု အေးချမ်းသာယာရေးအတွက် ယခင်ဖျက်သိမ်းခဲ့သည့် ဥပဒေများအား ပြန်လည်စိစစ်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်တွင် အမြဲတမ်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ လာမည့် လွှတ်တော်အစည်းအဝေးတွင် ယာယီကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများသည် လွှတ်တော်လုပ်ငန်း စဉ်များ ပိုမိုထိရောက်စေရန် အဓိက အထောက်အကူပြုရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့လွှတ်တော်သည် နိုင်ငံတကာပါလီမန်များအဖွဲ့နှင့် အာဆီယံပါလီမန်များညီလာခံ၏ အဖွဲ့ဝင်ဖြစ်ပါကြောင်း၊ ပြည်သူများက တရားဝင်ရွေးချယ်ပေးလိုက်သည့် လွှတ်တော်များ ပေါ်ပေါက်လာပြီဖြစ်၍ နိုင်ငံတကာ ပါလီမန်များအဖွဲ့နှင့် အာဆီယံပါလီမန် များညီလာခံနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော် အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရက် (၁၀၀) စီမံကိန်းများ ဆောင်ရွက် လျက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့လုပ်ဆောင်နိုင်သည့်အခန်းကဏ္ဍမှ ပူးပေါင်းဆောင်ရွက်သွားစေလိုပါကြောင်း၊ ပြည်သူလူထုအကျိုးကို ပိုမိုနီးကပ်စွာဆောင်ရွက်နိုင်ရေး လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အခန်းကဏ္ဍကို ပြည်သူများပိုမိုသိရှိစိတ်ဝင်စားလာစေရန်အတွက် လွှတ်တော်၏ဆောင်ရွက်ချက်များကို လူကြီးလူငယ်မရွေး၊ နိုင်ငံအကျိုးပြုအဖွဲ့အစည်းများအပါအဝင် အလွှာအသီးသီးက လူပုဂ္ဂိုလ်များအား လွှတ်တော်၏ဆောင်ရွက်ချက်များအား မျက်မြင်ကြည့်ရှုနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးဖို့လိုပါကြောင်း၊ လွှတ်တော်၏ဆောင်ရွက်ချက်များအား သတင်းစာ၊ မီဒီယာများမှတစ်ဆင့် တိတိကျကျအချိန်နှင့်တပြေးညီ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားဖို့

လိုပါကြောင်း၊ ပြည်သူနှင့်ထိတွေ့ရန် ကွင်းဆင်းဆောင်ရွက်ပြီး ပြည်သူ့အသံများကို လွှတ်တော်အတွင်းရောက်ရှိအောင် ဆောင်ရွက်ပေးကြသည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ကျင့်ဝတ်သိက္ခာပိုင်းနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း တိတိကျကျ လိုက်နာ စောင့်ထိန်းကြဖို့ လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများနှင့် အမြဲမပြတ်တွေ့ဆုံဆွေးနွေးကာ ပြည်သူများ၏ တင်ပြချက်များကို အလေးထားမှတ်သားပြီး လွှတ်တော်တွင် ပြည်သူများ၏ လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့ မဲဆန္ဒနယ် အသီးသီးတွင် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်စဉ်က ပြည်သူကို ကတိပေးခဲ့သည့်အချက်များနှင့် ပတ်သက်၍ လွှတ်တော်တွင် အမြန်ဆုံး အကောင် အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူက အားကိုးသည့် ဥပဒေပြုမဏ္ဍိုင် ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ကိုယ်စားပြုရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များက ကိုယ်စားလှယ်ရုံးဖွင့်လှစ်နိုင်ရေးနှင့် မဲဆန္ဒနယ်ဆိုင်ရာ အခက်အခဲများကိုတင်ပြကြရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နှင့် မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရေး လမ်းညွှန်မှာကြားခဲ့ပါသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ် များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မကွေးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား တွေ့ဆုံသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ငွေ က မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် ဖွဲ့စည်းထားသော ကော်မတီများ၏ ဖွဲ့စည်းခြင်း ဆိုင်ရာကိစ္စရပ်များ၊ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ရှင်းလင်း

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မကွေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမအား ကြည့်ရှုစစ်ဆေးပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

**(သတင်းစဉ်)**